လက်ကောင်းကျေးရွာ

လက်ကောင်း ကျေးရွာအုပ်စု၊ ပုသိမ်ကြီး မြို့နယ်

မန္တလေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လက်ကောင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၉

## မာတိကာ


**မာတိကာ**

**စကားချီး**

**လက်ကောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ပုသိမ်ကြီးမြို့နယ်**

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

( ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င ) ပညာရေးနှင့်ကျွမ်းကျင်မှု

( စ ) ကျား–မ ရေးရာကိစ္စဆိုင်ရာ

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

( ဇ ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်
ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က) အခြေအနေကောင်းများ**

**( ခ ) အဟန့်အတားများ၊ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

**(က) ရည်ရွယ်ချက်ပန်းတိုင်**

**(ခ) ဖွံ့ဖြိုးရေးဗျူဟာ**

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ် ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

**(ဂ) ဦးစားပေးစီမံချက်များ**

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေး အတွက်လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သော အချက်အလက်များနှင့်အကြံဉာဏ်ကောင်းများကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး၍ညှိနှိုင်းအဖြေရှာကြရာ၌ ကူညီပံ့ပိုးပေးသောစီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရေးဆွဲခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။စီမံကိန်းတွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းစာအုပ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကထား၍ဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံချက်ဆိုင်ရာအချက်အလက်နှင့်အကြောင်းအရာ များ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လက်ကောင်းကျေးရွာ
ပုသိမ်ကြီးမြို့နယ်

၂၀၁၉ခုနှစ်၊ ဩဂုတ်လ

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောက်ကျေးရွာအုပ်စုရှိ သယံဇာတမြေပုံ
လက်ကောက်ကျေးရွာ



**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းနှင့်သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤစီမံကိန်းတွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သောပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းအရင်းခံအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့အပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောနည်းလမ်းများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင် မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်း ကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ မီဒီယာများ၊ ဆက်သွယ်ပြန်ကြားရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ( ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအသိအမြင်များကို အခြေခံကာ ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ကူညီပံ့ပိုးပေးရာရောက်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ နှင့်နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်အခြေခံ၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

လက်ကောင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအုပ်စု၊ပုသိမ်ကြီးမြို့၏အနောက်တောင်ဘက်၊ မန္တလေး-ပြင်ဦးလွင် – လာရှိုးလမ်းမကြီးဘေးတွင် တည်ရှိ သည်။ လက်ကောင်းကျေးရွာသည် မြောက်လတ္တီကျူ (၂၁ ° ၅၅ ´ ၂၁.၄၁၀၄ ˝) နှင့် အရှေ့ လောင်ဂျီကျူ ( ၉၆ ° ၉ ´ ၂၉.၅၄၈၈ ˝ ) ကြားတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၄၅)ပေတွင် တည်ရှိပါ သည်။ နှစ်စဉ်ဒီဇင်ဘာလအထိ ပျှမ်းမျှမိုးရွာရက်(၆၅)ရက်ရှိပြီး ပျှမ်းမျှ မိုးရေချိန် (၆၀)လက်မ ရှိပါသည်။ နှစ်စဉ်အနိမ့်ဆုံးအပူချိန် ၂၅°C မှ အမြင့်ဆုံးအပူချိန် ၃၈°C အထိ ရှိပါသည်။ လက်ကောင်း ကျေးရွာ၏ မြေမျက်နှာသွင်ပြင်မှာ ညီညာပြန့်ပြူးသော မြေပြန့်အနေအထား ဖြစ်ပါသည်။

### ( ခ ) သဘာဝအရင်းအမြစ်များ

ကျေးရွာအနီးရှိလယ်မြေများကို စိုက်ပျိုးရေအတွက် ဆည်တော်ဆည် ရေသွင်းမြောင်းမှ သွယ်ယူ ၍ စပါး နှင့် ပန်းအမျိုးမျိုးကိုလည်းကောင်း၊ ဥယျာဉ်ခြံမြေအတွက် ချောင်းရေကို အဓိက အားထား၍ လည်းကောင်း စိုက်ပျိုးကြရပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအကြောင်းအရာများ

ကျေးရွာတွင် အိမ်ထောင်စု(၂၃၈)စုရှိပြီး လူဦးရေစုစုပေါင်း(၁၁၇၅)ဦး ရှိပါသည်။ ပျှမ်းမျှ တစ်အိမ်ထောင်လျှင်မိသားစု(၅)ဦးခန့်ရှိပါသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေ(၈၉၂)ဦးရှိပြီး ကျေးရွာစီးပွားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် များစွာအထောက်အကူပြုနိုင်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်သောအိမ်ထောင်စု(၄၀)စုရှိပြီး မွေးမြူရေးလုပ်ကိုင်သူ(၂)စု

နှင့်ပန်းရံလက်သမားအိမ်ထောင်စု(၃၂)စု၊ဝပ်ရှော့လုပ်ကိုင်သည့်အိမ်ထောင်စု(၄)စု၊ အရောင်းအဝယ်လုပ်ကိုင်သူ အိမ်ထောင်စု(၆၉)စု၊ ကျပန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၆၀)စု ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ– ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာသည်အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးကိုအဓိကထား၍ လုပ်ကိုင်ကြပါသည်။ ကျန် အိမ်ထောင်စုများမှာ ပန်းရံ၊လက်သမားနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည်စိုက်ပျိုးမြေ(၁၀) ကေနှင့်အထက် ပိုင်ဆိုင်သူများ ဖြစ်ပြီး (၁၂)ဘီးကားနှင့်စိုက်ပျိုးရေးသုံးထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ မြေ(၂.၅)ကေအောက် ဆင်းရဲသား တောင်သူ(၂၇)အိမ်ထောင်စု၊ တောင်သူငယ်(၁၆)အိမ်ထောင်စု ရှိပြီးထိုဆင်းရဲသားတောင်သူများသည်ခိုင်းကျွဲ၊နွားမပြည့်စုံခြင်း၊ သွင်းအားစုများအပြည့်အဝမထည့်နိုင်ခြင်းတို့ကြောင့်စိုက်ကေမြေအားလုံးကိုပုံမှန်မစိုက်ပျိုးနိုင်ပါ။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၁၈၆)စု ရှိပါသည်။ စိုက်ပျိုးမြေ (၅)ကေမှ(၁၂.၅)ကေကြားပိုင်ဆိုင်သည့် အိမ်ထောင်စု(၉)စု ရှိပါသည်။

**(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ**

ကျေးရွာတွင် ဆင်းရဲသည်ဟုသတ်မှတ်ထားသော အိမ်ထောင်စုများသည် မြေယာမဲ့များနှင့်ကျပန်းလုပ်ကိုင်ကြသောအိမ်ထောင်စုများဖြစ်ပါသည်။ကျေးရွာသည် အပူပိုင်းဒေသတွင်ရှိသည့်အတွက် မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေရှိပါသည်။ တီရစ္ဆာန်ကူးစက် ရောဂါဖြစ်ပွားလေ့ရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင်ရာသီဖျားသာအဖြစ်များပါသည်။အခြားကြီးကြီးမားမား ကူးစက်ရောဂါဖြစ်ပွားမှု မရှိပါ။

**( င ) ပညာရေးနှင့်ကျွမ်းကျင်မှု**

ကျေးရွာတွင်စာမတတ်သူ(၁)ဦးရှိပြီး မူလတန်းအဆင့်ရှိသူ(၇၂၆)ဦးနှင့်အလယ်တန်းအဆင့်ပညာ ပြီးမြောက်မှုရှသူ(၁၇၃)ဦးရှိပါသည်။ အထက်တန်းပညာပြီးမြောက်သူ(၁၁၃)ဦးနှင့်တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေ (၁၆၉) ဦးရှိပါသည်။ မူလတန်းကျောင်းနေရွယ်ကလေး(၈၁)ဦး၊ အလယ်တန်းတက်သူ ဦးရေ (၆၅) ဦးနှင့် အထက်တန်းကျောင်းတက်သူဦးရေ(၂၇)ဦးရှိပါသည်။ တက္ကသိုလ်/ကောလိပ် တက်သူ စုစုပေါင်း (၃၅)ဦးရှိပါသည်။ ကလေးများအားလုံးမူလတန်းပညာကို လက်လှမ်းမီသင်ကြားနိုင်၍ကျောင်းတက်နှုန်းမြင့်မားပါသည်။

**( စ ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျားမဆိုင်ရာဆက်နွယ်မှုအရဆောက်လုပ်ရေးနှင့်လယ်ယာစိုက်ပျိုးရေးတွင် အမျိုးသမီးများ သည် အမျိုးသားများနည်းတူ လုပ်အားခမရရှိကြပါ။ လူဦးရေဆိုင်ရာအချက်အလက်အရ အလုပ်လုပ် နိုင်သောလူဦးရေတွင် အမျိုးသမီး၊အမျိုးသားများပါဝင်မှုသည် ကွာခြားမှုနည်းပါသည်။ ကျေးရွာလူမှုရေး နှင့် သာရေး၊နာရေးကိစ္စများတွင် အမျိုးသား၊အမျိုးသမီးတန်းတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင်ဓလေ့ထုံးတမ်းအရ အမျိုးသမီး ပါဝင်မှုမတွေ့ရပါ။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်ရှိသောအဖွဲ့များသည်အဖွဲ့၏လုပ်ငန်းတာဝန်များကိုလုပ်ဆောင်ရာတွင် တာဝန်ယူဆောင်ရွက်မှုအားကောင်းကြပါသည်။သို့သော် ကျေးရွာတွင်းအဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုညှိနှိုင်းဆောင်ရွက်မှုအားနည်းပါသည်။ပူးပေါင်းခြင်း၏သဘောတရားကိုတာဝန်၏ သဘောတရားနှင့်ရောနှောနားလည်နေခြင်းကြောင့် အဖွဲ့အစည်းအားလုံးသည်အဖွဲ့လုပ်ငန်းတာဝန်များကိုအစပျိုးဦးဆောင်လုပ်ကိုင်ခြင်းထက်ကျေးရွာအုပ်ချုပ်ရေးမှူး ၏ဦးဆောင်မှုဖြင့်ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။

### ( ခ ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်တောင်သူ(၄၆)ရှိပြီးဥယျာဉ်ခြံမြေ(၂၁)ကေနှင့် လယ်မြေ(၁၁၇.၅)ကေရှိ ပါသည်။ စိုက်ပျိုးမြေ(၆၀)ကေကို ဆည်တော်ဆည်မှရေသွယ်ယူရပြီး ကျန်စိုက်ပျိုးမြေ(၇၈.၅)ကေကို ချောင်းရေအသုံးပြုကာစိုက်ပျိုးကြပါသည်။ စပါး၊ စံပယ်၊သပြေနှင့်ဂန္ဓမာပန်းများ စိုက်ပျိုးကြပါသည်။ သွင်းအားစုလိုအပ်ချက်မြင့်ပြီး စိုက်ပျိုးရေရရှိမှုလိုအပ်မှုနှင့်ဖျက်ပိုးရောဂါကျရောက်မှု အသင့်အတင့်ရှိမှုကြောင့်အကျိုးအမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်သာရှိပါသည်။

ကျေးရွာတွင်တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုသာရှိပြီး နို့စား နွား(၂)ကောင် မွေးမြူထားပါသည်။

### ( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ

ကျေးရွာတွင် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ကိုင်သူ ပေါ်များစွာရှိပြီး အဓိကအားဖြင့် ပန်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။လက်သမား၊ပန်းရံ၊စက်ပြင်လုပ်ငန်းနှင့်ကျပန်းလုပ်ကိုင် သူများလည်း ရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု

ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခဲတ်ငွေ့၊ ရေနံ၊ ကျောက်မျက်)၊ကျောက်သဲ၊ ကျောက်စရစ်နှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ သဘာဝအတိုင်း တွေ့ရှိနိုင်မှုမရှိသဖြင့် ထုတ်ယူအသုံးချနိုင်ခြင်းမရှိပါ။ ဆေးဘက်ဝင်အပင်များအနည်းငယ်ပေါက် ရောက်ပြီး အလွယ်တကူအသုံးပြုနိုင်ပါသည်။

**( င ) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် ငွေကြေးခက်ခဲသူများသည် အပေါင်ဆိုင်မှ ကာလတိုချေးငွေ လစဉ်အတိုးငွေ (၅မှ ၁၀%)ဖြင့် ချေးယူရရှိပါသည်။

**( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ၍ ကလေးများအား ဆရာမ(၁၇)ဦး ဖြင့်ပညာသင်ကြားလျက်ရှိပါသည်။ ကျောင်းအဆောက်အဦမှာကောင်းမွန်ပြီး ကျောင်းသုံးပရိ ဘောဂများလည်းလုံလောက်မှုရှိပါသည်။အိမ်သာများလည်းလုံလောက်စွာရှိပါသည်။ ကျောင်းသား များ အာဟာရ မျှတစေရန် အာဟာရတိုက်ကျွေးမှုလည်းရှိပါသည်။

ကျေးရွာအခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာမှ(၂)မိုင်ခန့်ကွာဝေးသော ဘန့်ကွဲ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး အခန်း၊ကုတင်လုံလောက်မှုရှိပါသည်။ ကိုယ်ဝန်ဆောင် များနှင့် ကလေးကာကွယ်ရေးဆေးစီမံချက်အတွက် ကျန်းမာရေးဌာနခွဲမှ လစဉ် စောင့်ရှောက်မှုပေးပါသည်။ရောဂါအကြီးအသေးပေါ်မူတည်၍ ကျောက်မီးတိုက်နယ်ဆေးရုံ သို့ လည်းကောင်း၊ပုသိမ်ကြီးမြို့နယ်ဆေးရုံသော်လည်းကောင်း၊ မန္တလေးဆေးရုံကြီးတွင်လည်းကောင်း တက်ရောက်ကုသကြပါ သည်။

ကျေးရွာတွင်း အဝီစိတွင်း/စက်တပ်(၃၀)တွင်းနှင့် အဝကျယ်ရေတွင်း(၁၈၆)တွင်းမှ ရေကို သောက်ရေသုံးရေအတွက် အသုံးပြုကြပါသည်။ နွေ၊ မိုး၊ ဆောင်းလုံလောက်ပါသည်။ ကျေးရွာ သူ/သားများသည် ဝမ်းပျက်ဝမ်းလျှောရောဂါများအတွက် ကျန်းမာရေးဗဟုသုတရှိကြသဖြင့် ယင်လုံအိမ်သာကို အသုံးပြုကြကြောင်းတွေ့ရှိရပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား

ကျေးရွာသည်မန္တလေးမြို့နှင့်နီးကပ်သဖြင့်ဖျော်ဖြေရေးဆိုင်ရာလှုပ်ရှားမှုများ၊ လက်ဖက်ရည် ဆိုင်များနှင့်အခြားအပန်းဖြေမှုကိစ္စရပ်များလည်း သိရှိကြပါသည်။လူငယ်များအနေဖြင့် ကျေးရွာပိုင် မြေကွက်လပ်များတွင် ခြင်းလုံးကစားခြင်း၊ ဘောလုံးကစားခြင်းများ ပြုလုပ်ကြပါသည်။ ထို့အပြင် ဘာသာရေးပွဲများ၊တရားပွဲနှင့်ဘုရားပွဲများတွင်လည်း တက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ သို့သော် လူငယ်များအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုအားကောင်းကြပါသည်။ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အသိပညာပေးစာပေဟောပြောပွဲများပြုလုပ်ရန် လိုအပ်ပါသည်။

ကျေးရွာရှိ ဆွမ်းဆန်စိမ်းလောင်းအသင်း၊ လူမှုကူညီရေးအသင်းနှင့် ဝတ်ပြုအသင်းများတွင် လူငယ်များတက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။

( ဇ ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသူ/သားများသည်ပုသိမ်ကြီးမြို့နှင့်မန္တလေးမြို့သို့ကား၊ဆိုင်ကယ်၊ သုံးဘီးယာဉ်များဖြင့်အလွယ်တကူဆက်သွယ်သွားလာနိုင်ပါသည်။ အများစုမှာပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊သီးနှံများနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရောင်းချ နိုင်ရေးအတွက် မန္တလေးမြို့သို့သွားရောက်ကြပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းသဖြင့် ရာသီမရွေးမော်တော်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီးများအသုံးပြု၍ သွားလာနိုင်ပါသည်။ လျှပ်စစ်ဓါတ်အားလိုင်းကိုကျေးရွာရှိ အိမ်ခြေ(၂၃၀)အိမ်သုံးစွဲကြပြီးဆိုလာအသုံးပြုသော အိမ်(၁)အိမ်ရှိပါသည်။ မန္တလေးမြို့နှင့်နီးကပ်သဖြင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။သတင်းအချက်အလက်အတွက် ဖုန်းအသုံးပြုမှု(၃၃၈)လုံး၊ တီဗွီ(၂၀၉)လုံးနှင့်ရေဒီယို (၄၀)လုံး အသုံးပြုကြောင်း တွေ့ရှိရပါသည်။

**( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ပုသိမ်ကြီးမြို့နယ်တွင် ရဲစခန်းရှိပြီး ကျေးရွာသူ/သားများအတွက် လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင် ကြီးမားသည့် မှုခင်းဖြစ်ပွားမှုမရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) အခြေအနေကောင်းများ**

ကွင်းဆင်းတွေ့ရှိချက်များ အမြင်များကိုအခြေခံ၍ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများကိုအောက်တွင် ဖော်ပြထားပါ သည်-

ကျေးရွာတွင်စိုက်ပျိုးရေးဖြင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်ရန် အခြေအနေကောင်းများရှိပါသည်။စီမံအုပ်ချုပ်မှုအခြေအနေကောင်းတစ်ခုမှာ ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုကောင်းခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍအတွက် ဆည်တော်ဆည်မှ စပါးစိုက်ပျိုးရန် စိုက်ပျိုးရေရရှိပါသည်။ ထို့အပြင် စိုက်ပျိုးမြေများသည် မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင်တိုးချဲ့မွေးမြူရန် ကျွဲ၊နွား၊ဝက်အစာပေါများပါသည်။သို့ရာတွင် နွားများ ခွာနာလျှာနာရောဂါဖြစ် လျှင် ချက်ချင်းရောဂါကုသနိုင်ရန် တိရစ္ဆာနနှင့် အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

## ( ခ ) အဟန့်အတားများ၊ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါအဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်-

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ကျေးရွာအုပ်ချုပ်ရေးမှူးမှဦးဆောင်၍လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တခြားဖွံ့ဖြိုးရေးကော်မတီများမှ လိုက်ပါဆောင်ရွက်ကြသော်လည်း လုပ်ငန်းပြီးဆုံးသည်အထိ ကျေးရွာအုပ်ချုပ်ရေးမှူးကိုသာ အားကိုးကြသဖြင့် လုပ်ငန်းမတွင်ကျယ်ဖြစ်ကြရပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီဥတုမမှန်ခြင်း၊ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်းနှင့်စိုက်ပျိုးရေအရင်းအမြစ်မှလုံလောက်စွာရေမရခြင်းတို့ကြောင့် အဟန့်အတားများဖြစ်နေပါသည်။ ထို့ကြောင့် သီးနှံဖြစ်ထွန်းမှုအသင့်အတင့်သာရှိပါသည်။ မွေးမြူရေးတွင်လည်း စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ကြ ပါ။ နွားများအတွက် စားကျက်မြေရှားပါးခြင်း၊ အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှုမရှိခြင်း၊ လိုအပ်သောချေးငွေမရရှိခြင်းတို့ကြောင့် စီးပွားဖြစ်မွေးမြူရန်အခက်အခဲဖြစ်ကြောင်းတွေ့ရှိရပါသည်။

## (၆) ရည်ရွယ်ချက်ပန်းတိုင်နှင့်ဗျူဟာ

### (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာများကိုကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ကျေးရွာသည် စိုက်ပျိုးရေးကိုအခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူအခြားစီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍အောက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ချက်ကို ရေးဆွဲထားပါသည်။

(၁) စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာခြင်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများတိုးချဲ့မွေးမြူလာနိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရမည်။

(၂) အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ကြပြီး မိသားစုဝင်ငွေ တိုးပွားလာစေရမည်။

(၃) လူငယ်၊လူရွယ်များအသိပညာ၊ ဗဟုသုတတိုးပွားလာစေ၍ ပညာတတ်မြောက်မှုနှုန်းမြင့်မားလာစေရမည်။

### ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များပြည့်မီစေရန် ကျေးရွာအတွင်းကြုံတွေ့ နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေသောအလားအလာအထောက်အပံ့များကိုအသုံးချ၍ အောက်ပါ

ဖွံ့ဖြိုးရေးဗျူဟာများကိုသက်ဆိုင်ရာဌာနများ၊ရပ်မိရပ်ဖများ၊ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(၁) ကျေးရွာတွင်းအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရေးနှင့် စီမံခန့်ခွဲမှုများတိုး တက်လာရန်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန်၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခြင်း၊ ကျေးရွာလူထုပူးပေါင်းပါဝင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်စေခြင်း၊စီမံခန့်ခွဲမှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားများ ရရှိလာစေရန်ချိတ်ဆက်ခြင်းများ စသောလုပ်ငန်းများလုပ်ဆောင်သွားရမည်။

(၂) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင်မလုပ်ဆောင်နိုင်သော မဖြေရှင်းနိုင်သောပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန်နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသောထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများလုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည်စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းတိုးတက်ရန်အတွက်များစွာအရေးကြီး ပါ သည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကိုလုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများမရရှိကြပါ။ ရာသီအလိုက်အဖြစ်များသောတိရိစ္ဆာန်ရောဂါများ ကာကွယ်ကုသနိုင်ရန် ပုံမှန်ကုသခြင်းဆိုင်ရာ ဖွံ့ဖြိုး မှုအလေ့အထများရှိလာရန် မွေး/ကုဌာနမှအကူအညီနှင့်ချိတ်ဆက်မှုရှိရန်လိုအပ်ပါသည်။

(ဂ) ကျေးလက်ဒေသရှိလူထုများ၏အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ကျန်းမာရေးဆိုင်ရာမူဝါဒများကိုလည်းထိရောက်စွာအကောင်အထည်ဖော်ဆောင်သင့်ပါသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံသင်ထောက်ကူပစ္စည်းများပိုမိုဖြည့်ဆည်းပေးနိုင်ရန်ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရပါမည်။

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသောပန်းရံ၊ လက်သမား၊ စက်ချုပ်နှင့်ကျပန်းလုပ်ကိုင်ကြသူများအတွက်ကျေးရွာအခြေပြုအသေးစားစီးပွားရေး

လုပ်ငန်း များရင်းနှီးလည်ပတ်နိုင်ရန်အဆင်ပြေ၍လက်လှမ်းမီသောဘဏ် လုပ်ငန်းများ၊အတိုးနည်းချေးငွေ လုပ်ငန်းများလိုအပ်ပါသည်။ ထို့အပြင်အခြေခံတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများတိုးမြှင့်လုပ်ဆောင်နိုင်ရန်မူဝါဒများချမှတ်၍ တိကျစွာအကောင်အထည်ဖော်ရန်လိုအပ်ပါသည်။

(ဂ) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ် ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့်ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာချိန်တွင်ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာ သည်အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်းစီမံကိန်း ငါးနှစ်တာအတွင်းထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။ ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့်ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်းအစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံရလွယ်ကူစေသည်။ကျေးရွာတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘက်ဂျတ်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍(၅)နှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စု သတ်မှတ်ခြင်းသည်စီမံချက်ဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional Classificationသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက် ၎င်းတို့နှင့်သတ်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန်အထောက်အကူပြု ပါမည်။ Economic Classificationသည် စီမံချက် လုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှု များအား အကဲဖြတ သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး အတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘက်ဂျတ်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ–စိုက်ပျိုး ရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ် နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)**

စီမံချက်ဘက်ဂျတ်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ် ပါသည်။

၁။ ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure)ဥပမာ။ ဆောက်လုပ်ရေး ပစ္စည်းများနှင့်ပုံသေဝယ်ယူရသောရင်းနှီးမြှုပ်နှံမှုများ

၂။ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) ဥပမာ။ ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်

၃။ လူသားချင်းစာနာမှုအထောက်အပံ့(Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာ၏ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များ ကို အခြေခံ၍ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက် များ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရေမြောင်းတူးဖော်ခြင်း | ၂ |
| ၃ | အခြေခံအဆောက်အဦ | အမှိုက်ကားဝယ်ယူခြင်း | ၃ |
| ၄ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း | ၄ |
| ၅ | အခြေခံအဆောက်အဦ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ၅ |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/ အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| ရွာတွင်းလမ်း မကောင်းခြင်း။ | လမ်းတွင်ချိုင့်ခွက်များ ရှိနေခြင်း၊ မိုးရာသီတွင် ရေဝပ်ခြင်း၊ လမ်းဘေးအိမ်များ ရေဝင်ခြင်း။ | နဂိုလမ်းမှာ ကျောက် အမာခံ ရှိခြင်း၊ ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း။ | နိုင်ငံတော်မှ ရွာတွင်းလမ်းအတွက် ငွေကြေးထောက်ပံ့ခြင်း | ကျေးရွာတွင်းလမ်း များ ကွန်ကရစ်လမ်း ခင်းခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာ အတွင်း ရေစီးရေလာ မကောင်းခြင်း | ရေမြောင်းများပိတ်နေခြင်း၊ မိုးရာသီတွင် အိမ်များအတွင်း ရေဝင်ခြင်း။ | ကျေးရွာသူ/သားများမှ လုပ်အားပေးလိုစိတ် ရှိခြင်း။ | မြေနေရာအခက်အခဲ ရှိခြင်း၊ ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်း။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ရေမြောင်းတူးဖော်ခြင်း။ |
| လူတန်းစေ့ သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာ ရရှိရန် ။ | ရေကို အိမ်တိုင်ရာ ရောက်သွယ်တန်းရန် ခက်ခဲခြင်း ။ | ကျေးရွာမှထည့်ဝင်ငွေ ရရှိနိုင်ခြင်း။<br><br>သောက်သုံးရေ ပေါများခြင်း။ | ရေပိုက်သွယ်တန်းရန် ငွေကြေး၊ နည်းပညာနှင့် ဗဟုသုတ အသိအမြင် မရှိခြင်း။ | ကျွမ်းကျင်ပညာရှင်တို့နှင့်ချိတ်ဆက်၍ လိုအပ်သောနည်းပညာနှင့် စက်ကိရိယာများ အသုံးပြုဆောင်ရွက်သွားရန်။<br><br>သက်ဆိုင်ရာ ဌာနအကူအညီများဖြင့် အတူတကွဆောင်ရွက်ရန်။ | ရေပိုက်လိုင်း သွယ်တန်းခြင်း။ |
| အမှိုက်စွန့်ပစ်ရန် နေရာ အခက်အခဲ | အမှိုက် စနစ်တကျ မစွန့်ပစ်သဖြင့် အနံ့ဆိုးများ ကြောင့် ကျန်းမာရေး ပြဿနာ | ကျေးရွာမှ လှူဒါန်းငွေ ထည့်ဝင်နိုင်ခြင်း | အမှိုက်ကားဝယ်ယူရန် ငွေကြေးလုံလောက်မှု မရှိခြင်း | ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | အမှိုက်ကား ဝယ်ယူခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| ရှိခြင်း | များဖြစ်နိုင် ခြင်း | | | | |
| **ကဏ္ဍ – အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး** | | | | | |
| အုပ်ချုပ်ရေးမှူး ရုံးရှိသော်လည်း ကျဉ်းပြီး အစည်းအဝေး များဆောင်ရွက် ရန်အတွက် နေရာ အခက်အခဲ ရှိခြင်း | အုပ်ချုပ်ရေးမှူးရုံးမှာ ကျဉ်းပြီး အဆောက် အဦမှာ ခိုင်ခံ့မှုမရှိခြင်း | ရုံးဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ | ရုံးအသစ်ဆောက်ရန် ငွေကြေးမတတ်နိုင်ခြင်း။ | ဌာနဆိုင်ရာများ၊ဖွံ့ဖြိုး ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ | အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်ခြင်း။ |

ကျေးရွာတွင် အဓိကလိုအပ်ချက်အဖြစ် အခြေခံအဆောက်အဦများတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်း လမ်းများ ကောင်းမွန်လာခြင်းဖြင့် ကျေးရွာမှသီးနှံထွက်ကုန်များ အလွယ်တကူဈေးကွက်သို့ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ သွားလာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စွန့်ပစ်အညစ်အကြေး များအား စနစ်တကျစီမံခန့်ခွဲပေးခြင်း ဖြင့် ကျေးရွာစည်ပင်သာယာပြီး ရောဂါဘယကင်းဝေးပြီး ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည် ဖြစ်ပါသည်။ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ရေဝပ်ခြင်း၊ ခြင်ပေါက်ပွားခြင်းနှင့် အနံ့အသက်ဆိုးများ ထွက်ရှိခြင်းမှ ကာကွယ်နိုင်ပြီး ခြင်နှင့် ပတ်သက်သည့် ရောဂါများ ဖြစ်ပွားခြင်းမှလည်း ကာကွယ်နိုင်မည်

ဖြစ်ပါသည်။ ကျေးရွာ၏အုပ်ချုပ်ရေးမှူးရုံး သီးသန့်တည်ရှိခြင်းအားဖြင့် ကျေးရွာ၏လုပ်ငန်းကိစ္စအဝဝများကို ဖြေရှင်းဆောင်ရွက်ရာတွင်တစ်နေရာတည်းစုဝေးညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | ၀.၂၅၅% |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၇ | ၃၃ | ၇၀ | ၅.၉၅၇% |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၃၉ | ၇၁ | ၆.၀၄၃% |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၁ | ၄၇ | ၇၈ | ၆.၆၃၈% |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂၀ | ၄၇၂ | ၈၉၂ | ၇၅.၉၁၅% |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၄၀ | ၆၁ | ၅.၁၉၂% |
| စုစုပေါင်း | | ၅၄၃ | ၆၃၂ | ၁၁၇၅ | ၁၀၀% |
| စုစုပေါင်း အိမ်ထောင်စု | | ၂၃၈ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၃၈)၊ လူဦးရေပေါင်း(၁၁၇၅)(ကျား-၅၄၃ ဦး၊မ-၆၃၂ဦး)ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးဖြစ်ပါသည်။ ကျေးရွာရှိ အလုပ်လုပ်နိုင် သောအရွယ်လူဦးရေမှာ (၈၉၂)ဦး (၇၅.၉၁၅%)ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာများကြောင်းတွေ့ရသည်။၎င်းအလုပ်လုပ်ကိုင်သောသူများသည် တောင်သူ၊ ဆောက်လုပ်ရေး နှင့် ယာဉ်မောင်းလုပ်ငန်း လုပ်ကိုင်ကြသည့်အပြင် ကျပန်းလုပ်ကိုင်ကြကြောင်းလည်း တွေ့ရှိရပါသည်။ (၁)နှစ်အောက်ဦးရေမှာ (၃)ဦး (၀.၂၅၅%)သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်း နည်းသည်ကို တွေ့ရှိရပါ သည်။ (၅)နှစ်အောက်ကလေးငယ်ဦးရေမှာ (၇၀)ယောက်(၅.၉၅၇%)ရှိသဖြင့် (၅)နှစ်အောက် ကလေး ငယ်များ ကာကွယ်ဆေးထိုးရမည့်အရေအတွက်ကို အတိအကျသိနိုင်သည်။ မူလတန်းကျောင်းနေ အရွယ်မှာ (၇၁)ဦး (၆.၀၄၃%)နှင့် အလယ်တန်းကျောင်းသားအရွယ် (၇၈)ဦး (၆.၆၃၈%)ရှိသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း

ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ နှိုင်းယှဉ်သိရှိနိုင်ပါသည်။ (၆၅)နှစ်နှင့်အထက် အသက်ကြီးအရွယ်ကြီးဦးရေမှာ (၅၁)ဦး (၅.၁၉၂%) ရှိကြောင်း တွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၄၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၃၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၆ | ၆၅ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၁၃ | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၁၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၁၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား/ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၀ | ၆၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | **စုစုပေါင်း** | **၂၃၈** | **၂၅၄** | | ☒ |

**ရင်းမြစ် ...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလို ပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆို ပါလုပ်ငန်းတွင်

ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုစုပေါင်း(၂၃၈)အနက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော စုစုပေါင်းအိမ်ထောင်စု(၄၆)စု၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင် သည့် အိမ်ထောင်စုပေါင်း(၃၂)စု၊ ကျူရှင်ဆရာအဖြစ် လုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ဆိုင်ကယ်ဝပ်ရှော့ လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အိမ်ထောင်စု(၄)စု၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အိမ် ထောင်စု(၂)စု၊ ကားမောင်းလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု(၁၄)စု၊ လက်လီလက်ကား အရောင်း အဝယ်လုပ်ငန်း လုပ်ကိုင်သူ(၆၉)စု၊ အစားအသောက်ရောင်းချအသက်မွေးသူ အိမ်ထောင်စု(၁၀)စု၊ ဆိုင်ခန်းငှားရမ်းသည့် အိမ်ထောင်စု(၁)စု၊ ကုမ္ပဏီဝန်ထမ်းလုပ်ကိုင်သူ အိမ်ထောင်စု(၁)စု၊ ကျပန်း၊ကူလီ ထမ်း၍အသက်မွေးဝမ်းကျောင်းပြုသူအိမ်ထောင်စု(၆၀)စု ရှိကြောင်း တွေ့ရှိရပါသည်။ တစ်ရွာလုံး အနေ ဖြင့် ခြုံငုံသုံးသပ်ရာတွင် အိမ်ထောင်စုတိုင်းမှာ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိ ရပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၁၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

